မင်္ဂလာပါ။ ဝင်းမြန်မာစာလုံးစနစ်ကို အသုံးပြုတဲ့အတွက် ကျွန်တော် ကျွန်မတို့က ကျေးဇူးတင် ဝမ်းမြောက် ပါတယ်။ သက်တမ်း ၁၂ နှစ်ရှိပြီဖြစ်တဲ့ ကွန်ပျူတာသုံး ဝင်း မြန်မာစာ စနစ်ကို အခု ၂၀၀၅ ဇန်နဝါရီလမှာ Release 4 ကို ထပ်မံဖြန့်ချိ လိုက်ပါတယ်။

Win Myanmar software user တွေအားလုံး ပိုမိုအဆင်ပြေစေဘို့နဲ့၊ ကွန်ပျူတာ သင်တန်း မတက်ထားသူ တွေတောင် ကွန်ပျူတာ သုံးလာနိုင်အောင်၊ အင်္ဂလိပ်စာမတတ်သူတွေတောင် ကွန်ပျူတာ သုံးနိုင်အောင် ရည်ရွယ်တဲ့အနေနဲ့ အခု Release 4 မှာ Microsoft Word နဲ့ Excel ရဲ့ menu တွေကို မြန်မာဘာသာနဲ့ မြင်နိုင်အောင် သုံးနိုင်အောင် လုပ်ထားပါတယ်။ စာလုံးပုံစံအသစ် ၄၀ ထည့်သွင်း ထားပါတယ်။ ကာတွန်းဖွန့်၊ မြေပုံဖွန့်လေးတွေ ပါတဲ့အပြင် ပန်းသီးကွန်ပျူတာလို ရိုက်နိုင်အောင်၊ အင်္ဂလိပ် အသံထွက်နဲ့ ရိုက်နိုင်အောင် စီမံဖန်တီး ထားပါတယ်။ မေတ္တာလက်ဆောင်အဖြစ်၊ ကလေးတွေကို မြန်မာစာ သင်ပေးတဲ့ software program လေးတွေတောင် ထည့်ထားပေးပါတယ်။ ထည့်သွင်းထားတဲ့ software feature စွမ်းဆောင်ချက်တွေ အများကြီးအတွက် ကွန်ပျူတာသမားတွေ အားရကျေနပ်ကြမယ်လို့ မျှော်လင့် ပါတယ်။ ဒါတောင် မြန်မာဈေးကွက် အနေအထား အရ ready မဖြစ်သေးလို့ ချန်ထားခဲ့ရ တာတွေအတွက် ကျွန်တော်တို့ developer team က အားမလိုအားမရ ဖြစ်နေမိပါသေးတယ်။

လွန်ခဲ့တဲ့ ၁၂ တာကာလအတွင်း တရားဝင် လှူတာခဲ့တာတွေရော၊ တရားမဝင် လှူတာတွေ ရောကြောင့် ကုသိုလ်တွေလဲ အများကြီးရခဲ့ပြီးပါပြီ။ Win Myanmar software ဟာ မြန်မာနိုင်ငံ ကွန်ပျူတာ သမိုင်းမှာ ကော်ပီအရေအတွက် အများဆုံး၊ ပြန့်ပွားမှု အများဆုံး နံပါတ်တစ် ပြည်တွင်းဖြစ် software လည်း ဖြစ်ခဲ့ပါပြီ။ ကျွန်တော်တို့ကို တကယ် အားပေးချင်တယ် ဆိုရင်၊ ငါးပါးသီလကို စောင့်ထိမ်းချင်တယ်ဆိုရင် ကျွန်တော်တို့ရဲ့ original software CD တွေကိုသာ ဝယ်ယူသုံးစွဲကြပါလို့ မေတ္တာရပ်ခံပါရစေ။

အကြံပြုချင်တာတွေ၊ အခက်အခဲရှိတာတွေ မေးမြန်းချင်တာတွေ ရှိရင်လည်း ကျွန်တော်တို့ကို အချိန်မရွေး ဆက်သွယ်ပါ။ ကျွန်တော်တို့ဘက်က တတ်နိုင်သလောက် ကူညီပေးဘို့ အသင့်ပါ။ ကျေးဇူး အများကြီး တင်ပါတယ်။

ဝင်းမြန်မာစာစနစ် developer team
email: winmyanmar@myanmars.net